ကသဲကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကသဲကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘ်ာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကသဲကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**
**၈**

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ
၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
၂၄
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်
၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
**၆၇**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း**
**၇၄**

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

| | |
|---|---|
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကသဲကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

## ကသဲကုန်း ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်း၊ကားလမ်း ဖြတ်သန်းသွား သောနန်းမားနှင့်ကပ်လျက် တောင်မှမြောက်သို့ စီးဆင်းသော နန့်ရင်းချောင်းဘေးတွင်တည်ရှိပါသည်။အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ကျေးရွာသည် ဂါန့်ဂေါတောင်တန်းတောင်ခြေရှိ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပါသည်။ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။တောင်တန်းပေါ်မှ ထွက်သော စိမ့်စမ်းရေသည် စိုက်ပျိုးရေးအတွက် ပင်မက လျှပ်စစ်ထုတ်ယူနိုင်ရန်

အထိပင် အခြေအနေကောင်းတွင် ရှိနေပါသည်။လယ်ယာမြေများသည် စပါးနှင့် ရာသီအလိုက် သီးနှံပင်များ ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်အတွက် အဓိက အားထားရာဖြစ်သည်။ဂန့်ဂေါ တောင်တန်းကြီးသည် ကျေးရွာသား/သူ တို့ စားဝတ်နေရေး အတွက် အားထားရာ တစ်ခုအဖြစ်ရှိနေပါသည်။မိုးများသောနှစ်များ၌ နန့်ရင်းချောင်းရေသည် ကျေးရွာသို့ ဝင်ရောက်တတ်ပါသည်။

## (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး တောင်ခြေလျှောဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတများရှိပါသည်။တောင်သူများမှာ မိုးရေနှင့် စိမ့်စမ်းရေကို လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုကြပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၉၁) ဧကရှိပြီး စပါးကို အဓိက စိုက်ပျိုးကြသည်။ ကျေးရွာ၏အရှေ့ဘက် တောင်တန်းကြီးပေါ်တွင် ကျေးရွာပိုင် သစ်တော ဧရိယာ ဧက(၁၃၃၀) သတ်မှတ်ပြီး စီမံကိန်းများရေးဆွဲကာ အကောင်အထည်ဖော်လျက်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၈)စုနှင့် ကျား(၇၄)၊မ(၇၀)ဦးဖြင့် လူဦးရေပေါင်း(၁၄၄)ဦးရှိ ကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှင့်ညီနေပါသည်။ကျေးရွာတွင် ရှမ်း လူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၄% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက် ၁.၁၁%လျော့နည်းနေပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်း စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၅၄% သည် ဆင်းရဲနှင့်အလွန် အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၁၁% သည်

ချမ်းသာသည့်အဆင့်၊၃၅ % သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်သူနှင့် လယ်ယာမြေမဲ့တို့၏ ဝင်ငွေသည် ကွာခြားသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ်ပိုင်သော လယ်သမားများ ၊လက်လုပ်လက်စားများနှင့် မြေယာမဲ့အိမ်ထောင်စု များပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် ၄၆% ရှိကာ ဆင်းရဲနှင့် အလွန်းဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာ လုပ်ငန်း၊လက်လီ၊ဆန်ကြိတ်စက်နှင့်အခြားသော လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိ နိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော(၄) အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ စားဝတ်နေရေးကို သူတပါးထံမှ ချေးယူ ပြီးမှ စားသုံးရကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ တစ်သိန်းကျပ်မှ ရှစ်သိန်းကျပ်ထိတင်ရှိနေကြသည်။အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုမှာ အိမ်ထောင်စုအားလုံး၏ ၂၅%ရှိပါသည်။ထိုအိမ်ထောင်စု များသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ၊အရက်နှင့်မူးယစ် ဆေးဝါး သုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။မူးယစ်ဆေး သုံးစွဲသူရှိသော အိမ်ထောင်စု များမှာ ဆင်းရဲသည့် အိမ်ထောင်စုများ ဖြစ်သည်ကို တွေ့ရှိရပါသည်။မူးယစ်ဆေးသုံးစွဲသူ ဦးရေ များလာသောကြောင့် အသေးစား ခိုးယူမှု အနည်းငယ်ဖြစ်ပွားခဲ့ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။အမျိုးသမီး၊ လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု

များကို အုပ်စု ကျန်းမာရေး ဆေးခန်းတွင် ရရှိနိုင်ကြပြီး ၆ ဖာလုံခန့်ကွာပြီး နန့်ရင်းချောင်း ဖြတ်ကူးတံတားကြီး ကောင်းနေလျှင် အလွယ်တကူ သွားလာနိုင်သော တိုက်နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်များမှ မြေအောက်ရေကို ရရှိနိုင်ကြသည်။သို့သော် ရေဝါများသာ ထွက်၍ ရေမသန့်ပါ။၎င်း ရေကို သဲကန်များဖြင့် စစ်၍ သောက်သုံးရပါသည်။ဝမ်းပျက်ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင် စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

## ( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အညံ့ အဆင့်ရှိကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်မှု နည်းကြပြီး ဘွဲ့ရ ၃ ဦးသာရှိ၍ အလွန်နည်းပါးသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းနှင့်အလယ်တန်းကို ရန်အောင်မူလွန်နှင့်အထက်တန်းကို အ.ထ.က နန်းမားကျောင်းတို့တွင် တက်ရောက် သင်ကြားနိုင်ကြသည်။သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ ပညာရည် နည်းပါးသော မိဘများမှ အားပေးမှုနည်းခြင်းကြောင့် နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မ ရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားူ နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့် ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်းအဆင့်၊အလယ်တန်းအဆင့်တို့တွင် ကျား-မ ဦးရေ အတူတူ နီးပါးဖြစ်၍ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ ကျားနှင့်မ အတူတူပင် ဖြစ်ပါသည်။သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမို

ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ မရှိသလောက်ပင် ဖြစ်သည်။ကျားမတန်းတူ ညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင် ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင် သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် မည်သည့် အဖွဲ့အစည်းမျှမရှိပါ။လူမှုရေး၊ဘာသာရေး ဆိုင်ရာ ကိစ္စများကို ညီညွတ်စွာ ဆောင်ရွက်ခြင်းဖြင့် လုပ်ဆောင်နေကြပါသည်။အဖွဲ့အစည်း ဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှု ပိုမို တိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက (၉၁.၉၉)ရှိပြီး နွေစပါး စိုက်ပျိုးခြင်းမရှိပါ။မိုးစပါး ပျှမ်းမျှ အထွက်မှာ (၅၀.၅)တင်းနှုန်း ထွက်ရှိသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေး ပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ခဲ့ကြရသည်။ယခုတွင် ရိတ်စက်များ ရိတ်ခြွေစက်များကို လူအင်အားအတွက် အစား ထိုး သုံးလာကြသည်ကို တွေ့ရသည်။စပါးအထွက်တိုးရန် ဓါတုမြေဩဇာများ အသုံးပြုနေ ကြသည်။သဘာဝ သြဂဲနစ် မြေဩဇာများ စမ်းသပ်အသုံးပြုရန် နည်းပညာ ပေးမှုများ လိုအပ် သည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၁၀ % သာရှိပြီး ဒေသ ဝက်မျိုးကို မွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၃% သာရှိပြီး စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ပါ။

ကျေးရွာသည် ရှမ်း(ဇောတိ)လူမျိုးများသာ အများစုဖြစ်သောကြောင့် ကြက်၊ ဝက်၊ဘဲ၊ငါး စသည့် မွေးမြူရေးလုပ်ငန်းများ မလုပ်ကိုင်ကြပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်၊ဈေးရောင်း တို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါး မှအသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ် လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန် အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေ ကိုက်မှုနည်းပါးသည်။ စပါးရိတ်သိမ်းသော ရာသီချိန်တွင် ရိတ်စက်၊ရိတ်ခြွေစက်များကို ငှားသုံးလာကြသောကြောင့် လက်လုပ်လက်စားများ အလုပ်လက်မဲ့ဖြစ်လာကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊ဝပ်ရှော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

## (ဃ) သဘာဝ ပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာမြေ များသည် မြေဆီသြဇာညံ့သောကြောင့် ဓါတု မြေသြဇာ သုံးစွဲမှု များပြားလာသဖြင့် မြေဆီလွှာ အရည်အသွေး ပို၍ ကျဆင်းလာနိုင်သည်။ပေါင်းသတ်ဆေးများ အလွန်သုံးစွဲလာခြင်းသည် ကောင်းသော လက္ခဏာ မဟုတ်ပေ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစားဓါတု ပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်သဖြင့် သဘာဝ ပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

မိုးများသောနှစ်များတွင် ချောင်းရေ အဆမတန်ကြီး၍ ကျေးရွာကမ်းပါးများ ပြိုကျပျက်စီးခြင်းနှင့်ကြုံရပါသည်။ကျေးရွာရှိ အိမ်၊ခြံမြေနှင့်သုသာန်မြေနေရာများ ဆုံးရှုံးရပါသည်။

## (c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ် အတိုးနှုန်း၅ ကျပ်တိုး၊တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် မြို့နယ်သမဦးစီးမှ ဖွဲ့စည်းထားသော ဝင်းစန္ဒာ သမဝါယမလီမိတက်၊လမင်းသာ သမဝါယမ လီမိတက်နှင့်တောင်သူလယ်သမား ဖွံ့ဖြိုးရေးချေးငွေ အဖွဲ့များ ဖွဲ့စည်းထားပြီး အဖွဲ့ဝင်(၅၀)ဦးရှိကာ ဝင်းစန္ဒာနှင့်လမင်းသာ သမဝါယမ လီမိတက်မှ တစ်နှစ်အတိုးနှုန်း ၃၆% နှင့် တောင်သူလယ်သမား ဖွံ့ဖြိုးရေး ချေးငွေအဖွဲ့မှ တစ်နှစ်အတိုးနှုန်း ၁၈%ဖြင့် အသင်းဝင်များ ချေးယူနိုင်သည်။ရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက် ချေးယူကြသည်။ကျေးရွာတွင် အကြွေးထားရှိမှုကို လေ့လာခြင်းအားဖြင့် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများမှာ ၁ သိန်းမှ ၈ သိန်းအထိရှိကြောင်းတွေ့ရှိရသည်။

## ( စ) ပညာရေး၊ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို ၉၀ ပေ၊ ၃၀ ပေ၊၁၂ ပေ အရွယ်ရှိ သွပ်မိုးထား၍ အကာအရံ မပြီးသေးသော ကျောင်းဆောင်တွင် လက်ရှိပညာသင်ကြားနေသည်။၂၀၁၆ နိုင်ငံတော်ဘတ်ဂျက် သိန်း(၁၀၀)ဖြင့် အုတ် တက် ဝရံတာဆောက်လုပ်တော့မည်ဖြစ်သည်။ရွာသားအားလုံးနီးပါး ရေးတတ်၊ဖတ်တတ်ကြပြီး လူဦးရေ အားလုံး၏ ၂ % မှာ ဘွဲ့ကြိုးကျောင်းပညာရေးကို ရရှိထားကြသည်။မူလတန်း ပညာရေးပြီးဆုံးမှုမှာ ၉ နှစ်အထက် လူဦးရေအားလုံး၏ ၄၆% ရှိသည်။ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ် အရေအတွက်ထက်များနေသည်ကို တွေ့ရှိရသည်။ကျေးရွာတွင် ကျောင်းအပ်နှံမှုကို အခမဲ့အဖြစ် ကျင့်သုံးခဲ့သည်မှာ ၂၀၁၀ ခုနှစ်မှစ၍ စတင်ခဲ့ပါသည်။ကျောင်းအပ်နှုန်းများရခြင်းမှာ ကျွန်းတောစုကျေးရွာနှင့်ကြာကြီးကွင်း ကျေးရွာတို့မှ ကျောင်းသား/သူများတက်ရောက်နေကြခြင်းတို့ကြောင့်ဖြစ်သည်။ကျောင်းတွင် ပရိဘောဂတို့ မလုံလောက်

ပါ။ကျောင်းတွင် မူလတန်းပြ ဆရာ/မ ၆ ဦးရှိကာ ကျောင်းသူ/သား ၂၃ ဦးနှင့်ဆိုလျှင်ပိုနေသည်ဟု ပြောဆို ရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။အုပ်စုတွင်သာရှိသည်။ ကျေးရွာနှင့် ၆ ဖာလုံခန့်ရှိသော နန်းမားမြို့တွင် ကုတင်(၂၀)ဆန့် တိုက်နယ်ဆေးရုံရှိသည့်အတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့်လက်လှမ်းမီသည်။

သောက်ရေအတွက် လက်နှိပ်တုံကင်များသာ အများစု အသုံးပြုကြသည်။တုံကင်များမှ ထွက်သော ရေများသည် ရေဆီပါသော ရေဝါများဖြစ်သည့်အတွက် သဲကန်များဖြင့် စစ်၍ အသုံးပြုရသည်။အိမ်သာ အသုံးပြုမှုအနေအထားမှာ ကျင်းအိမ်သာ အများစုဖြစ်သည်ကို တွေ့ရသည်။စာသင်ကျောင်းတွင် ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ယင်လုံ အမျိုးအစားဖြစ်၍ ကျောင်းသူ/သားများ အတွက် အသုံးပြုရန် လွယ်ကူသည်။ စာသင်ကျောင်းတွင် လက်နှိပ်တုံကင် တစ်ခုရှိပြီး ဆရာ/မ နှင့် ကျောင်းသားများအတွက် အဆင်ပြေပါသည်။

**(ဆ)လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။လူငယ်များအတွက် အားကစားကွင်းမရှိချေ။

**(ဇ) အခြေခံ အဆောက်အဦး- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး နွားလှည်း အများဆုံး အသုံးပြုမောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲလမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၅)စီးနှင့်စက်ဘီး(၃၂)စီး၊ထော်လာဂျီ ၁ စီး အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ နှစ်ကုန်ပိုင်းမှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု(၆)စုသာ သွယ်တန်းအသုံးပြုထားသည်။ကျေးရွာတွင် တန်ဖိုးနည်းသော မိုဘိုင်းဖုန်းများ အသုံးပြုသောကြောင့် အင်တာနက် အသုံးပြုမှုနည်းပါးသည်ကို တွေ့ရ

သည်။ကျေးရွာတွင်  စာကြည့်တိုက် မရှိသောကြောင့် စာရေးစာဖတ် အားနည်းကြသည်ကို တွေ့ရသည်။

**(ဇ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့် ရေးဆွဲထားခြင်းမရှိပါ။

ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူ ကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

ရွာသားများသည် ပညာရည်နည်းပါးကြသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် တက်ကြွစွာရှိကြသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုး ပစ္စည်းများနှင့် ဝန်ဆောင်မှု များသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း နန်းမားတိုက်နယ်ဆေးရုံနှင့် မိုးညှင်းခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ကျောင်းသူ/သားများအတွက် ပံ့ပိုးမှုမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင်ရှိနေသည်။

သဘာဝအရင်းအမြစ်များတွင် ရွာတွင်းသို့ စိမ့်စမ်းရေသွယ်တန်းနိုင်ရန် အခြေအနေကောင်းဖြစ်သော တောတောင်စိမ့်စမ်းများနှင့် နီးလျက်ရှိသည်။စက်ရေတွင်းများတူးရန် သဘာဝ မြေအောက်ရေကြောများရှိသည်။တောင်သူများအနေဖြင့် မြေဆီအသင့်အတင့်ရှိသော လယ်ယာမြေများမှ စပါးနှင့် အခြားဆောင်းသီးနှံများကို နန်းမားမြို့မှ တဆင့် မီးရထားလမ်း၊ကားလမ်းတို့ဖြင့် လွယ်ကူစွာ ကူးသန်းရောင်းဝယ်နိုင်ကြသည်။မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ရေကို စနစ်တကျ သုံးစွဲနိုင်ရန် ရေလှောင်ကန်များ ဆောက်လုပ်ပြုပြင်ရန် စိမ့်စမ်းများရှိနေသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အေးချမ်းစွာ လုပ်ကိုင်နိုင်ကြသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သောကြောင့် သီးထပ်သီးနှံများ စိုက်ပျိုး၍ အောင်မြင်မှုမရနိုင်ပါ။သဘာဝ သယံဇာတများရှိသော်လည်း စီးပွားဖြစ် ထုတ်ယူသုံးစွဲနိုင်မှုမှာ လွတ်လပ်မှုမရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။စိုက်ခင်းများတွင် ကျရောက်တတ်သော ဖျက်ပိုး၊မြေဆီဩဇာ မကောင်း၍ အထွက်တိုးရန် အသုံးပြုကြသော ပိုးသတ်ဆေး၊ဓါတုမြေဩဇာ အသုံးပြုမှုများလာခြင်းရှိသော်လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ထိရောက်စွာ အကောင်အထည်ဖော်သော အစီအစဉ်မရှိသေးပါ။ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှု ပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။သမဝါယမဦးစီးဌာနမှ ကျေးရွာအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းပေးထား သောလီမိတက်များမှ ချေးငွေရနိုင်သော်လည်း အတိုးနှုန်းများ များနေပါသေးသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန် ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့ အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်းများကို အောက်ပါအတိုင်းချမှတ် ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီး ခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေး အနေ အထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံ ခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာ သုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင် ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင် ကျေးရွာတွင် စိုက်ပျိုး

ရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင် စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း အဆောက်အဦနှင့် ဝန်ထမ်းအိမ်ယာ ရရှိရန် ပညာရေး ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်အခြေခံ အဆောက်အဦများ၊တံတား စသည်တို့ကို တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည် များ ပိုမို ရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့

ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကိုသာ အဓိက စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးနှင့်ဓါတု ဓါတ်မြေဩဇာ သုံးစွဲမှုပိုးသတ်ဆေးသုံးစွဲမှု စနစ်မကျခြင်းတို့သည် အဓိကပြဿနာ ဖြစ်ပြီးထိရောက်စွာ နှိမ်နင်း အသုံးချနိုင်ရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။နည်းပညာ အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာ ဓါတု၊ ဇီဝ မြေဩဇာ အသုံးပြုမှု နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဌာနက ဦးစီးဦးရွက် ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားသော်လည်း အတိုးနှုန်းနည်းသည်ထက် နည်းအောင် ဆောင်ရွက်သင့်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိ ပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများ အတွက်အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှု လုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲ ခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်း များအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေး ပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ် နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊မြို့နယ် ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

### (င) ကျေးလက် တံတားဆောက်လုပ်ရေး

ကျေးရွာတွင် ပေ ၄၅၀ အရှည်ရှိသော ချဉ်းကပ်၊တိုင် ကွန်ကရစ်နှင့်ထုတ်တန်း၊အခင်း တို့ကို သစ်သားဖြင့် ဆောက်လုပ်ထားသော နန့်ရင်းချောင်းကူးတံတား တစ်စင်းရှိပါသည်။ မိုးရာသီတွင် လှည်းနှင့်ဝန်ပေါ့သော ယာဉ်များကို ဖြတ်သန်းစေပြီး နွေရာသီတွင် ဖြတ်သန်း ခွင့်ကို ပိတ်ပင်ထားရပါသည်။ထိုတံတားကြီးအား အပေါ်ကြမ်းခင်းနှင့်ဆိုင်သော အပိုင်း တို့ကို ကွန်ကရစ်အဖြစ် နိုင်ငံတော်မှ ဆောင်ရွက်ပေးသင့်ပါသည်။ကသဲကုန်းကျေးရွာ အပြင် အနီးပတ်ဝန်းကျင်မှ တောင်သူလယ်သမားများနှင့် စီးပွားရေး လုပ်ကိုင်သူများအတွက် အကျိုးခံစားမှု ရရှိစေနိုင်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်ဖြစ်သည်။ထို့ကြောင့် စီမံချက်

များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိ ရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၍ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာ များ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုး လာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မှု ဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊

- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ ကျေးရွာတံတားရေရှည်ခိုင်ခံ့နိုင်စေရေ | ၈၇ | ၁ | | |
| | ၂။ မူးယစ်ဆေးသုံးစွဲမှုရောင်းဝယ်မှုပပျောက်ရေး | ၈၆ | ၂ | _ | |
| | ၃။ ကျေးရွာဘက်သို့ ချောင်းကမ်းပါးရေတိုက်စားမှု မရှိစေရေး | ၈၅ | ၃ | - | _ |

| | | | | |
|---|---|---|---|---|
| ၄။ ကျေးရွာ၏ကျောင်း အဆောက်အဦးနှင့် ပညာတတ် မြောက်မှုတိုးတက်ရေး | ၈၅ | ၃ | နိုင်ငံတော်မှချပေးသည့်ဘတ်ဂျတ်ဖြင့် မိဘကော်မတီ များဦးစီးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင် ရွက်ခြင်း | |
| ၅။ ရွာချင်းဆက်၊ရွာတွင်းလမ်း များကောင်းမွန်လာစေရေး | ၇၆ | ၄ | ကသဲကုန်း၊ကြာကြီးကွင်းနှင့်နန့်စော်လော်လမ်းအရှည် ၈၄၀၀ပေနှင့်အကျယ် ၂၀ ပေလမ်းအားကျောက်ချော လမ်းခင်းရန် | ပြည်နယ် လွှတ် တော် |
| ၆။ ကျေးရွာ၏ သောက်သုံးရေ မကောင်းသောကိစ္စအဆင် ပြေစေရေး | ၆၈ | ၅ | | |
| ၇။ စိုက်ပျိုးရေးမလုံလောက်မှု ဖြေရှင်းဆောင်ရွက်ရေး | ၅၁ | ၆ | | |

| | | | | | |
|---|---|---|---|---|---|
| | ၈။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၅၀ | ၇ | ဈေးကွက်ဆိုင်ရာနည်းပညာသင်ပေးခြင်း | |
| | ၉။ လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး | ၄၉ | ၈ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း၊အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း၊ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများစီစဉ်ခြင်း | ကျေးလက်/ဦးစီး |
| | ၁၀။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး | ၃၅ | ၉ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ


**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူ/သားများ လုပ်ကိုင်စားသောက်ရန် သဘာဝသယံဇာတ ရင်းမြစ်များရှိသော်လည်း နယ်မြေမအေးချမ်းမှုကြောင့်လုပ်ကိုင် စားသောက်နိုင်ခြင်းမရှိပါ။**

ဇယား(၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့်**

**အခက်အခဲ**များ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အလုပ်ကိုင်အခွင့်အလမ်း ရှားပါးခြင်း | |
| | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူ/သားများ ဘ၀ ရပ်တည်နိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးလျက်ရှိပါသည်။**

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

| **#** | **ပုံစံ** | **အိမ်ထောင်စု အရေအတွက်** | **လူဦးရေ** | | | **ပြည်တွင်း** | | | **ပြည်ပ** | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| ၁ | **ရွှေ့ပြောင်း**လုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၉ | - | - | - | - | - | - | - | - | - |
| ၂ | **ရွှေ့ပြောင်း**လုပ်ကိုင် သောကျေးရွာရှိလူဦးရေ | - | ၁၃ | ၄ | ၁၇ | ၁၃ | ၄ | ၁၇ | - | - | - |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၂ | - | ၂ | | | | | | |
| | ၆ လ အထိ | - | ၄ | - | ၄ | | | | | | |
| | ၁၂ လ အထိ | - | ၁ | - | ၁ | | | | | | |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ၁၂ လ အထက် | - | ၆ | ၄ | ၁၀ | | | | | | |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားဒေသသို့ သွားရောက်ကာ လုပ်ကိုင်စားသောက်နေသော အိမ်ထောင်စုများလည်း ရှိပါသည်။**

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၇ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

**ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ရွာသူ/သားများ ရွှေ့ပြောင်းသွားလာရခြင်းမှာ စားဝတ်နေရေး အဆင်ပြေစေရန်နှင့် မိသားစု အပိုဝင်ငွေရရန်ဖြစ်ပါသည်။**

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စ | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|

| ဉ် | | စုစု ပေါင်း | % ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
|---|---|---|---|---|---|---|
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁ | | | | √ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းလုပ်ကိုင်သူ အများစုမှာ မိသားစုအပိုဝင်ငွေ ရရန်ဖြစ်ပါသည်။ရွှေ့ပြောင်း လုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုနေသော အိမ်ထောင်စုမှာ(၁)အိမ်ထောင်စု ရှိကြောင်းတွေ့ရပါသည်။**

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

**ဇယား** (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| **ရွာမှအကွာအဝေး(မိုင်)** | ၆ ဖာလုံ | ၁၀ မိုင် |
| **သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ** | ဆိုင်ကယ် | ဆိုင်ကယ်၊ရထား |
| **ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု** | ဟင်းသီးဟင်းရွက် | ဟင်းသီးဟင်းရွက် |

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** | **အကြီးစားဈေးကွက်** |
|---|---|---|
| **ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု** | လမ်းမဘေး | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ရွာနှင့်အနီးဆုံးဈေးဖြစ်သာ နန်းမားစည်ပင်ဈေးသည် ကျဉ်းမြောင်းသောကြောင့် လမ်းမဘေးနှစ်ဖက်တွင် အိမ်ရှင်များအား တစ်လနှုန်းထားပေးခြင်းနှင့်စည်ပင်အားဈေးကောက်ပေး၍ ရောင်းချရသည်ကို တွေ့ရပါသည်။**

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| **ချေးငွေ ရရှိနိုင်သည့် နေရာ** | **ငွေကြေး ဝန်ဆောင်မှု အမျိုးအစား** | **ပြန်လည် ပေးဆပ်ရမည့် ကာလ** | **အတိုးနှုန်း (လ)** | **အပေါင်ခံ ပစ္စည်း လိုအပ်မှု** | **ချေးငွေရရန် အခက်အခဲများ** |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်၊ သမချေး ငွေ) | | | | | |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | - | - | - | - | - |
| အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | သမလီ မီတက် | တစ်နှစ်၊ (၆)လ | ၃ကျပ် ၁ကျပ်၅၀ ပြား | လယ်ယာ ရှိသောသူ | - |

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| ငွေချေးပေးသူ | - | - | - | - | - |
| အပေါင်ဆိုင် | - | - | - | - | - |
| မိတ်ဆွေနှင့်ဆွေ မျိုးများ | - | - | - | - | - |
| အခြား | - | - | - | - | - |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။**

**လေ့လာတွေ့ရှိချက်။ ။ ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာမှ တောင်သူများအတွက် သာ လယ်ယာကေအလိုက် စိုက်ဘဏ်မှ ချေးငွေကိုရရှိပါသည်။**

**(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု**

**(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

| **အခက်အခဲ** | **အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|---|
| **မြေဆီသြဇာ အခြေအနေ** | **လတ်** | |
| **အပင်မျိုးစိတ်များ** | | - |
| **ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု** | | |

| **အခက်အခဲ** | **အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|---|
| **ရေရင်းမြစ်** | | |
| **ငါးမျိုးကွဲများ** | - | - |
| **အခြားတိရစ္ဆာန်မျိုးကွဲများ** | - | - |
| **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု** | **မြင့်** | **စည်ပင်မှစွန့်ပစ်ပစ္စည်းများ လက်သင့်သောနေရာ၌ စွန့်ပစ်နေရာအတည်တကျမရှိ** |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ မြေဆီသြဇာ အခြေအနေမှာ အသင့်အတင့်ရှိပါသည်။**

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

**ဇယား** (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| **အတန်းပညာပြီးမြောက်မှု** | **ကျား** | **မ** | **ပေါင်း** | **၉ နှစ်နှင့်အထက် လူဦးရေ၏%** |
|---|---|---|---|---|
| စာမတတ်သူဦးရေ | - | ၁ | ၁ | .၉ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၃ | - | ၃ | ၃ |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၆ | ၁၆ | ၂၂ | ၂၁.၂ |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၉ | ၁၈ | ၄၇ | ၄၆ |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၅ | ၁၀ | ၂၅ | ၂၅ |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | - | ၁ | ၁ | .၉ |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၁ | ၂ | ၃ | ၃ |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၅၃** | **၄၉** | **၁၀၂** | ၁၀၀ |

**ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘွဲ့ရ အရေအတွက် နည်းပါးပါသည်။**

## (၂.၇.၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၇ | ၇ | ၁၄ | ၄၁ |
| အလယ်တန်း (၁၀-၁၄နှစ်) | ၈ | ၉ | ၁၇ | ၅၀ |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၂ | ၁ | ၃ | ၉ |
| တက္ကသိုလ် ကျောင်းသား၊ သူ | | | | - |

**ရင်းမြစ် …** (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျောင်းတက်နှုန်းမှာ ရာခိုင်နှုန်းပြည့်မီကြောင်းတွေ့ရပါသည်။**

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ရွာတွင်းရှိ | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၉၀' x ၃၀' x ၁၂' | |
| အမိုး၊နံရံ၊အခင်း | | |

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| အရည်အသွေး | | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | မရှိ<br>ကောင်း | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | ကြက်သားဆန်ပြုတ်နှင့် ကြာဇံချက်တစ်လ(၁)ကြိမ် | | | အိမ်ထောင်စု(၅၄)မှ(၃)အိမ်စုဖွဲ့ပြီးကျွေးပါသည်။ | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၅ | ၆ | | | |
| ကျေးရွာခန့် | - | - | - | | | |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ ရပ်ရွာ ရန်ပုံငွေနှင့်ပြင်ပထည့်ဝင်ငွေ သိန်း(၅၀)ဖြင့် ဖောင်ဒေးရှင်းနှင့် အမိုး ပြီးစီးထားပါသည်။၂၀၁၅-၂၀၁၆ တွင် နိုင်ငံတော်မှ ချငွေ သိန်း(၁၀၀)ဖြင့် ကျန်ရှိသည့် အပိုင်းအား ဆောက်လုပ်တော့မည်ဖြစ်ပါသည်။**

## (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | ၂၀၁၆ ခုနှစ်တွင် ကျောင်းဆရာ/မ ဦးရေ လုံလောက်ပါသည်။ |
| တပည့် - ဆရာ အချိုး | ၄ : ၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | - |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | - |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | |
| **ဆင်းရဲသောမိသားစုများအတွက်** | |

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| **ကျောင်းစရိတ်မတတ်နိုင်မှု** | |
| **ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု** | |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ အ.မ.က ကသဲကုန်းကျောင်း၌ ရှာရှိ မူလတန်းပညာသင်ကြားနိုင်သော ကျောင်းသူ/သားများ ရာနှုန်းပြည့်ထားရှိခြင်းမရှိပါ။အခြားကျောင်းများ၌ ထားရှိသည်ကို တွေ့ရပါသည်။**

### (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

| *#* | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|---|
| | | *မြင့်* | *နိမ့်* | *မရှိ* | |
| *၁* | ဝမ်းပျက်ဝမ်းလျှော | | √ | | |
| *၂* | သွေးလွန်တုပ်ကွေး | | √ | | |
| *၃* | ငှက်ဖျား | | √ | | |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | √ | |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါမျ ား | | | √ | |
| *၆* | တီဘီ | | √ | | |
| *၇* | ဆီးချို | | | | |
| *၈* | သွေးတိုး | | √ | | |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | | √ | | |
| *၁၀* | အာဟာရချို့တဲ့မှု | | | √ | |

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|---|
| | | *မြင့်* | *နိမ့်* | *မရှိ* | |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | | | | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး ဆေးစိမ်ခြင်ထောင်များကို** (M.C.C) **အဖွဲ့အစည်းမှ ဝေငှသောကြောင့် အဖြစ်နည်းသွားသည်ကို တွေ့ရှိရပါသည်။**

**(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား** (၃၅) **လွန်ခဲ့သော** (၁၂) **လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| *၁* | အဆုတ်ရောဂါ | | √ | |
| *၂* | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | |
| *၃* | ပိုလီယိုရောဂါ | √ | - | |
| *၄* | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | |
| *၅* | ဝက်သက်ရောဂါ | √ | | |
| *၆* | အခြား စုပေါင်း**ကာကွယ်ဆေးထို းနှံမှု** | √ | - | |
| *၇* | အာဟာရမှတ်တမ်းယူမှု( အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | √ | |
| *၈* | အာဟာရပညာပေးအစီ | | √ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| | အစဉ် | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုး/တိုက် ပြုလုပ်လျှင် မပျက်မကွက် ဆေးထိုး/တိုက် လုပ်ကြသည်ကို တွေ့ရပါသည်။**

**(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျန်းမာရေး ဌာန | | | ကျန်းမာရေးမှူး- <br> သားဖွားဆရာမ - <br> အရံသားဖွားဆရာမ- <br> ကြီးကြပ် (၁) – <br> ကြီးကြပ် (၂) – <br> တိုင်းရင်းဆေးကု- <br> အရပ်လက်သည်- | | |
| တိုက်နယ်ဆေးရုံ | ၆ ဖာလုံ | မရှိ | ဆရာဝန် - <br> လ/ထ - | - | - |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | ၈ မိုင် | | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | ၇ ဖာလုံ | - | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု-- ဆေးဝါး-- | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | | သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်-- | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနမှာ အုပ်စု၌သာ ရှိပြီး တိုက်နယ်ဆေးရုံနှင့် ၆ ဖာလုံခန့်ဝေးကွာပါသည်။**

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၂ | - | | | | |
| အဝီစိတွင်း (စက်တပ်) | | | | | | |
| အဝီစိတွင်း/တုံကင် | ၂၂ | - | √ | √ | √ | |
| ကန် | - | - | - | - | - | |
| မြစ်/ချောင်း | - | | | | | |
| မိုးရေသိုလှောင်ကန် | - | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | | | | | |

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| အခြား | - | | | | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ရေများ လုံလောက်သော်လည်း တွင်းရေနှင့်တုံကင်ရေများသည် ရေဆီပါသော ရေဝါများသာ ထွက်ပါသည်။စက်တပ် အဝီစိတွင်းတူးလျှင် ရနိုင်ပါသည်။စိမ့်စမ်းရေသွယ်တန်းလျှင် သဘာဝ စိမ့်စမ်းရေသွယ်တန်းစရာ အခြေအနေကောင်းများရှိပါသည်။**

**(၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄ | |
| ကျင်းအိမ်သာ | ၂၂ | |
| မြေပေါ် အိမ်သာ | ၂ | |
| တောထိုင် | - | |
| **စုစုပေါင်း** | **၂၈** | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အိမ်သာများမှာ ရိုးရိုး(ကျင်းတက်)အမျိုးအစားများသာဖြစ်ပါသည်။အဓိကမှာ ငွေကြေးမတတ်နိုင်သောကြောင့်ဖြစ်ပါသည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | *ကျား-မ ကိစ္စရပ်ဆိုင်ရာ* | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| *၁* | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် | √ | | ***နိုင်ငံတော်မှဖွဲ့စည်းထားသော*** |

| # | *ကျား-မ ကိစ္စရပ်ဆိုင်ရာ* | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| | အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | | | ***အဖွဲ့ မဟုတ်၊ရပ်ကွက်အမျိုးသမီး အဖွဲ့*** |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | √ | - | |
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | - | √ | |
| ၄ | **အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု** | √ | | |
| ၅ | အခြား (ရှိလျှင်) | | | |

**ရင်းမြစ်**… (၁) **အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။…… အမျိုးသမီးအဖွဲ့အစည်းဟူ၍ နိုင်ငံတော်မှ ဖွဲ့စည်းပေးထား သော အဖွဲ့အစည်းမရှိပါ။ဥပမာ(အမျိုးသမီးရေးရာအဖွဲ့)**

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | ကော | တည်ဆောက် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် |
|---|---|---|---|---|---|

| | (၁/၂/၃) | င်း/ဆိုး | ခဲ့သောနှစ် | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | (မိုင်) |
|---|---|---|---|---|---|---|
| **ရွာတွင်းလမ်း** | **၁** | **သင့်** | | | √ | **၀.၄၀ မိုင်** |
| **ချဉ်းကပ်လမ်း** | | | - | | √ | |
| **ရွာချင်းဆက်လမ်း** | **၁** | **သင့်** | | | √ | **၂ မိုင်** |
| **အခြား** | | | | | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃**

**လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းမှာ နန့်ရင်းချောင်းမှာ သဘာဝ သဲများဖြင့်သာခင်းထား သောလမ်းဖြစ်ပါသည်။ရွာချင်းဆက်လမ်းသည်လည်း ကိုယ်ထူကိုယ်ထ သဲများချ၍ခင်းထားသော လမ်းဖြစ်ပါသည်။**

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| **တံတား အမျိုးအစား** | **အရွယ်အစား** | **ကောင်း/ ဆိုး** | **တည်ဆောက် ခဲ့သောနှစ်** | **အသုံးပြုနိုင်သည့်ရာသီ** | |
|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | - | | | | |
| ရေပြွန် | - | - | | | |
| အခြား | ၄၅၀ပေ | သင့် | ၂၀၁၀ | | √ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ တောင်အင်းအုပ်စု(တောင်အင်း)တံတားသည် ရွာရှိဘုန်းကြီးမှ ၂၀၀၅ တွင်ဦးစီးပြီး ဒေသထွက်(ကညင်)သားဖြင့် ဦးစွာဆောက်လုပ်ခဲ့ပါသည်။၂၀၁၀တွင်**

အလှူရှင်များနှင့် နိုင်ငံတော်ပံ့ပိုးငွေတို့ဖြင့် ချဉ်းကပ်နှင့်တိုင်များကို ကွန်ကရစ်အဖြစ်ပြောင်းလဲ ဆောက်လုပ်ခဲ့ပါသည်။လက်ရှိအပေါ်ကြမ်းခင်းမှာ (သစ်သား)သာဖြစ်ပါသည်။

**(၂.၁၁.၃)  ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား (၄၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | | | |
| ပင်လယ်ရေကြောင်း | - | | | |
| အခြား | - | | | |

**ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။  ၁ – လှေ၊သမ္ဗာန်  ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။  ။ ရေကြောင်းသွားလာ အသုံးပြုမှုမရှိပါ။**

**(၂.၁၁.၄)  သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၃၂ | ၂၅ | ၁ | | - | ၁၇ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။  ။ ကျောင်းသူ/သားများ ကျောင်းသွားရန် စက်ဘီးကို အများစု အသုံးပြုသောကြောင့် အိမ်ထောင်စုတိုင်းလိုတွင် ရှိသည်ကို တွေ့ရပါသည်။**

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၆ | ကောင်း | |
| ဆိုလာစနစ် | ၂၀ | ညံ့ | |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | - | | |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ | ၃ | | |
| အခြား | | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ၂၀၁၅ နှစ်ကုန်ပိုင်းတွင် မဟာဓါတ်အားလိုင်း ဆွဲပေးသည်။ ငွေကြေးမတတ်နိုင်သောကြောင့် ချိတ်ဆက်အသုံးပြုသူနည်းပါသည်။ဓါတ်အားလိုင်း မရောက် မီ ဆိုလာကိုသာ အသုံးပြုကြသည့်အတွက် ၇၁%** **အသုံးပြုသည်ကိုတွေ့ရပါသည်။ဆိုလာပြား အသုံးပြုပုံသည် အိမ်ခေါင်မိုးပေါ်တွင် တင်၍ သုံးသောကြောင့် ညံ့သည့် အနေအထားတွင်ရှိပါသည်။**

(၂.၁၃) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၄၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| **အရေအတွက်** | **၄၀** | **၃** | **၁၅** | **၂** | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ငွေကြေးမတတ်နိုင်ကြသော်လည်း တန်ဖိုးနည်းဖုန်းများကို အများသုံးစွဲ**

**နေကြသည်ကို တွေ့ရပါသည်။**

**(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

**ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| **လုပ်ငန်းအမည်** | **ဝန်ဆောင်မှု** |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | |
| စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ လူငယ်များသည် ရွာ၏ သာရေး၊နာရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်မှုများ ရှိပါသည်။**

**(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| **ဝန်ဆောင်မှုများ** | **ရှင်းလင်းချက်** |
|---|---|
| **ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု** | |
| **အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု** | |

| **ဝန်ဆောင်မှုများ** | **ရှင်းလင်းချက်** |
|---|---|
| **လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်** | - |
| **ရဲစခန်းများအား လက်လှမ်းမီမှု** | **ဝေးကွာ** |
| **အခြား** | - |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဘေးကင်းလုံခြုံမှုအနေဖြင့် ကျေးရွာသည် မြို့ပေါ်နှင့် အလှမ်းကွာဝေးသောကြောင့် ထိရောက်မှုမှာ အားနည်းပါသည်။**

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| စိုးရိမ် /**သာမန်** | - | ၂ | ၁ | - |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မှုခင်းဖြစ်ပွါးမှု အလွန်နည်းပါးပြီး အေးချမ်းတည်ငြိမ်မှုရှိသည်။မူးယစ်ဆေးသုံးစွဲသည့် လူငယ်များရှိသော်လည်း အကြီးစားခိုးမှု မရှိကြောင်း တွေ့ရပါသည်။**

**နောက်ဆက်တွဲ ၂**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ်များ | သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပြီးရောင်းချနိုင်သည်။ စပါး ကိုအဓိကစိုက်ပျိုးသည်။ |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | ကသဲကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး၊ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်ရှိ မိုးညှင်းမြို့ကိုဆက်သွယ်ထားသော လမ်းမကြီးနှင့်မနီးမဝေးတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့စွာသွားလာနိုင်ပေသည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်း |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | မှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ |
| • ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာအတွင်းတွင်ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီးအဖွဲ့များ၏။ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပ ပုဂ္ဂလိ က ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်း များဖြစ် စေပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှ လည်း စိုက်ပျိုးရေး နှင့်ပတ်သက်သောနည်းပညာပေးစံပြစိုက်ကွက်များလည်းကျေးရွာတွင်စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အား အချိန်နှင့် တစ်ပြေး ညီရရှိစေသည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင် တာ နက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်း မွန်ပြီး အခြားသတင်းအချက် အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ |
| • ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ | ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်းနန်းမားတိုက်နယ်ဆေးရုံနှင့်မိုးညှင်းမြို့ဆေးရုံသို့ သွား ရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာ သည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့်သတင်းအစုံအလင်အားတီဗွီဖန် သားပြင်မှကြည့်ရှုနိုင်ခြင်းစသောလူနေမှုအဆင့်အတန်းမြင့်မားရေးလာရေးအတွက် အထောက် အကူ |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | ပြုနေသည်။ |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ**

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အား ပြိုင်မှုအချို့ ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင် ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင် ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်း ကြောင်း တွေ့ ရှိရသည်။ |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များ ထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ် မှု တိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ |
| • ကျန်းမာရေးဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဌာ နနှင့် ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (မိုးညှင်းမြို့နယ် ဆေးရုံနှင့်နန်းမားတိုက်နယ်ဆေးရုံ သို့) သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။ |

## ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

| စဥ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| ၁ | | | | | |
| | • ကျေးလက်တွင် ကျန်းမာရေး အထောက်အပံ့ ပေးမှုအားနည်းမှု ရှိနေခြင်း | • ကျေးရွာတွင် ပညာ တတ်၊ဘွဲ့ရ အရေ အတွက်အားနည်း ခြင်းကြောင့် ကျန်း မာရေး အသိပညာ၊ ဗဟုသုတအားနည်း ။ကျေးရွာရှိ လက်ရှိ ဆရာမ တစ်ဦးသာ လျှင်ရှိ၍ ကျန်းမာ ရေးဆရာမမှာလည်း အရန်သားဖွားသာ ဖြစ်၍ အဆင့်မြင့် ဟူ၍မရှိ။ | • ဆေးပေးခန်း အဖြစ်အသုံးပြု ရန်မြေနေရာရှိ ထားခြင်း | • ငွေကြေးမပြည့် စုံ၍ ရွာသူ/သား များမှလည်း ဝိုင်းဝန်း၍ မရ နိုင်ချေ။ | • ကျေးရွာဆေးပေးခန်းရှိလျှင် သွားလာ ရေး အဆင်ပြေ။ရွာသူ/သားများက လည်းအားတက်ခြင်းရှိ။ |
| ၂ | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | • အမျိုးသမီးအဖွဲ့ ၊ မိခင်နှင့်ကလေး အဖွဲ့များရှိနေပါသော်လည်း ကျေးရွာ၏ ရန်ပုံငွေအားနည်းနေပါသဖြင့် ဆောင်ရွက်မှုအားနည်း | • ကျေးရွာတွင် ရွာသူ/သားတို့၏ ငွေကြေးအခြေအနေအားနည်းမှုကြောင့် ရန်ပုံငွေနည်း။အဖွဲ့ဖွဲ့စည်းထားသော်လည်း ဆောင်ရွက်မှုမဖြစ်နိုင်။ပြင်ပမှ ရန်ပုံငွေ လှူဒါန်းခြင်း မရှိ | • အမျိုးသမီးအဖွဲ့များ အဆင်သင့်ရှိနေခြင်း။<br>• Uniform လည်း အဆင်သင့်ရှိခြင်း၊ အမျိုးသမီးများကလည်း တက်ကြွမှုရှိခြင်း | • ငွေကြေးမပြည့်စုံခြင်း၊အမျိုးသမီးအဖွဲ့အားကလေးငယ်များကို ပြုစုစောင့်ရှောက်ပြုပြင်နိုင်သည့် နည်းလမ်းများကိုလည်း ပို့ချစေခြင်း။ | • အမျိုးသမီးအဖွဲ့များ ကလေးသူငယ်များကို ပိုမိုစောင့်ရှောက်လာနိုင်ရမည်။<br>• အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်ရေးရှိလာရမည်။ |
| ၃ | | | | | |
| | • လမ်းတံတား | • တံတားရေကျော်ခြင်းကြောင့် ဆွေးမြေ့ခြင်း။<br>• နည်းစနစ်မမှန်ခြင်းကြောင့် ပျက်စီး လွယ်ခြင်း | • ရွာသားတွေက လုပ်အားပေးခြင်း၊ကျောက်ပေါ ပေါ်များများ၊အလှူရှင်များ အဆင်သင့် | • နည်းစနစ်များ လိုအပ်ခြင်း၊ ယာဉ်ယန္တရားအဆင်မပြေခြင်း။ | • လူထုနှင့်ပူးပေါင်းလုပ်ဆောင်မည်။ ကျေးလက်ဖွံ့ဖြိုးရေးရုံးကော်မတီရုံး၊ တိုင်းတာခြင်း ပြုလုပ်ထား၊သက်ဆိုင်ရာဌာနတွေနဲ့ဆက်သွယ်ခြင်း။<br>• ကုန်ကြမ်းရှာထားခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | | | ရှိနေခြင်း၊အုပ်ချုပ်ရေးမှူးကလည်း စိတ်ဝင်စားခြင်း | | |
| | | | | | |
| ၄ | • မူးယစ်ဆေးဝါး | • သုံးစွဲသူ | အုပ်ချုပ်ရေးမှူးနှင့်ဂေါပကအဖွဲ့များကပြုပြင်ရန် စိတ်ဝင်စားခြင်း။ ဘုန်းကြီးကျောင်းရှိနေခြင်း၊ ရဲစခန်းရှိခြင်း | • လိုအပ်သောငွေကြေးမရှိခြင်း၊ စာကြည့်တိုက်အသုံးပြု၍မရ၊ အသိုင်းအဝိုင်းပစ်ပယ်ခြင်း၊မူးယစ်ဆေးဝါး အသိပေးဟောပြောခြင်း အားနည်း | • သက်ဆိုင်ရာဌာနကို အကြောင်းကြား။<br>• ပညာပေး ဟောပြောပေးရမည်။ဝန်ဆောင်မှု ပေးနိုင်မည့်ဆေးရုံ။<br>• အသုံးပြုနိုင်မည့် ပစ္စည်း။ |
| | | | | | |

| စဥ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| ၅ | • မွေးမြူရေးတွင် အရင်းအနှီးများ လိုအပ်ခြင်း | • ရွာသားများသည် ငါးမွေးမြူရေး လုပ်ငန်းကို စတင် လုပ်ကိုင်မည်ဖြစ်၍ ငွေအရင်းအနှီး အားနည်းခြင်း။ တစ်ရွာလုံးတွင် ငါးမွေးမြူရေး လုပ်ကိုင်သူမရှိ၍ စတင်မွေးမြူရာ တွင် နည်းပညာ အကူအညီများ လို အပ် | • မွေးမြူရေး၊ နည်း ပညာအကူအညီ လိုအပ်ခြင်း | • ငွေကြေးရင်းနှီး မှုများ မလုံ လောက်၍ မရင်းနိုင်ခြင်း၊<br>• လုပ်မည့်နေရာ မရှိခြင်း၊လုပ် ကိုင်သူဦးရေ နည်း၊နည်းစနစ် လိုအပ် | • ကျေးရွာအတွင်းရှိ ငါးမွေးမြူရေး ရှိ ခြင်းကြောင့် အလွယ်တကူဝယ်ယူ စား နိုင်ခြင်းနှင့် ဈေးကွက်အရ ရောင်းချပြီး စီးပွားရေး တိုးတက်စေနိုင်သည်။ |
| ၇ | | | | | |
| | • **လယ်ယာမြေ ပြုပြင်ရန်** | • ဓါတုပစ္စည်းများ အသုံးပြုခြင်း | •**လယ်ယာမြေပြု ပြင်ရန်နည်းပညာ လိုအပ်။ဆည် မြောင်း ဝန်ကြီးဌာ** | •ငွေကြေးအခက် အခဲရှိ၊ဆည်၊ မြောင်း လိုအပ် ခြင်း၊ဝိုင်းဝန်း | • **သက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်း ကွင်းဆင်းလေ့လာစေခြင်း၊**<br>• **လယ်ယာမြေပြုပြင်ရန် နည်းပညာများ ကူညီစေခြင်း။** |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | | | **နနှင့်ဆက်သွယ်ထားနိုင်ခြင်း** | ကူညီမှု လုပ်အား လိုအပ်ခြင်း | |
| ၈ | | | | | |
| | • ဘဏ် | • စိုက်ဘဏ်အချိန်မီ မရရှိသည့် အတွက် အချိန်ကြန့်ကြာခြင်း၊လိုအပ်သော ပစ္စည်းများကို အချိန်မီ ဝယ်ယူရရှိနိုင်ရန် | **•စိုက်ပျိုးရေးဘဏ်နှင့်ဆက်သွယ်မှုလုပ်ခြင်း။** **•ရွာသူ/သားများ စိတ်ဝင်စားမှု ရှိခြင်း။လယ်သမားများ တက်ကြွမှုရှိခြင်း** | **•ဆက်သွယ်မှု အခက်အခဲရှိနိုင်ခြင်း** **•စီမံကိန်းအချိန်ကြာနိုင်ခြင်း၊ သုံးစွဲမှု နည်းစနစ်လိုအပ်ခြင်း** | • စိုက်ဘဏ်အချိန်မီ ရရှိခြင်းဖြင့် အချိန် အခက်အခဲကို ဖြေရှင်းနိုင်ခြင်း၊ စိုက်ဘဏ်လုံလောက်မှုကြောင့် သီးနှံထွက်ရှိမှုကောင်းနိုင်ပါသည်။ |
| ၉ | • ကျေးရွာအတွင်းရှိ စာကြည့်တိုက်မှာ ယိုယွင်း ပျက်စီးနေပါသဖြင့် စာကြည့်တိုက်ကို | • ဂရုမစိုက်ပစ်ထားခြင်း၊ကြီးကြပ်ရမည့် အဖွဲ့မရှိလို့။ • ရွာသားများ စိတ်ဝင်စားမှုအားနည်း | **•ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှ ကူညီမှုပေးရန်။** **•ဆောက်ထားပြီးသား အဆောက်** | **•ငွေကြေးမပြည့်စုံ၊ စည်းရုံးမှုအားနည်း၊ရွာသားများလောလော** | • မြေနေရာရှိ။ • ရှိသည့်ငွေကြေးမပြည့်စုံပါကဌာနဆိုင်ရာသို့ အကြောင်းကြားမည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | ပြုပြင်ခြင်း | ခြင်း။ | **အဦးရှိနေခြင်း၊ မြေနေရာရှိနေခြင်း၊ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်း။** | **ဆယ်ဆယ်မအား နိုင်။** | |
| ၁၀ | • နွေရာသီတွင် စိမ့်စမ်းရေ ခမ်းခြောက်မှုများရှိနေသဖြင့် ရေမလုံလောက် | • ရေတွင်း၊ချောင်းများ အပူရှိန်များကို မခံနိုင်၍ ခမ်းခြောက်။ကျေးရွာအတွက် အစိုးရမှ ပြုလုပ်ထားသော စက်ရေတွင်းရှိနေသော်လည်း အသုံးပြု၍ မရသောကြောင့် ပြုပြင်ရန်လို။<br>• ရေတွင်း၊ချောင်းတို့ကို သေချာစွာမပြု | **•စနစ်တကျ ပြုပြင်ရန်ရွာသားလုပ်အားများရှိနေ၊<br>•ကော်မတီဖွဲ့ထားမည်။<br>•ရပ်မိရပ်ဖများကလည်း ဦးဆောင်ဦးရွက်ပြု။<br>•သက်ဆိုင်ရာဌာနတွေနှင့်ဆက်သွယ် ထားရှိခြင်း။** | **•ငွေကြေးမရှိခြင်း၊နည်းလမ်းများလည်းစနစ်တကျမရှိ** | • ရေကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်အောင်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | | လုပ်ထား၍ ခမ်းခြောက်မှု ပိုမိုမြန်ဆန် | | | |
| ၁၁ | • လူငယ်အုပ်စုတွင် ဘာသာရေး၊သာရေး၊နာရေး၊လူမှုရေး လုပ်ငန်းများတွင် အဓိကဆောင်ရွက်ရန် အတွက် ကား လိုအပ်ခြင်း | • သယ်ယူပို့ဆောင်ရေးအခက်အခဲရှိခြင်း၊လမ်းပြုပြင်ရာတွင် အသုံးပြုရန်။လူမှုကူညီရေး အသင်းပေါ်ပေါက်စေရေး။ | **•ကားထားရာနေရာရှိထားခြင်း၊ အသုံးပြုရန် အဖွဲ့ဖွဲ့စည်းထားခြင်း။**<br>**•အုပ်ချုပ်ရေးမှူးကလည်းတက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ခြင်း။**<br>**•အဖွဲ့များကြိုတင်ဖွဲ့စည်းထားမှုရှိခြင်း။ရပ်ရွာမှလည်းလိုလားမှုရှိခြင်း။** | **•ငွေကြေးမပြည့်စုံ ။ရပ်ရွာမှဝယ်ယူနိုင်ခြင်းမရှိ။** | • ရရှိလာသော ပစ္စည်းကို ဘာသာရေး၊ သာရေး၊နာရေးတွင် အသုံးပြု။<br>• အထူးကုသရန် လိုအပ်သော လူနာများကိုတင်ပို့ခြင်း |
| ၁၂ | • ရာသီအလိုက် ထုတ်ကုန်အား | • သီးနှံစိုက်ပျိုးရာတွင်နည်းပညာ | **•မြေနေရာများရှိနေပါသည်။** | **•ရေရှားမှုရှိခြင်း၊ဓါတ်မြေဩဇာ** | • ရာသီထွက်ကုန်ပေါများခြင်းကြောင့် ဈေးနှုန်းချိုသာခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | နည်းမှုကြောင့် ဝင်ငွေအရနည်း | မမှန်ကန်မှုကြောင့် သီးနှံအထွက်နည်း၍ လုပ်ကိုင်သူ ဦးရေနည်းလာ။<br>• သီးနှံစိုက်ပျိုးရာတွင်အလုပ်သမား ဦးရေ အများ အပြားခေါ်ဆိုမှု မရှိနိုင်ခြင်း | **• ဈေးကွက်အခြေ အနေမှာအားနည်း မှုရှိခြင်း** | **လိုအပ်ခြင်း** | • အခြားဒေသသို့ တင်ပို့ရောင်းချခြင်း။ |
| ၁၃ | • ကျွမ်းကျင်ပညာ ရှင်များသင်တန်း ပေးမှုအားနည်းမှုကြောင့်အလုပ် ရှားပါး | • ကျွမ်းကျင်ပညာရှင်များသင်တန်းပေးမှု အားနည်း။ကျေးရွာတွင် ဝပ်လျှော့၊ ဆံပင်၊အလှပြင်၊ သင်တန်းဟူ၍မရှိ။<br>• ရွာသူ/သားများ သည် အလုပ်ကြမ်းကိုသာ အဓိက | **• သင်တန်းပို့ချမည့်သူရှိပါကတက်ရောက်မည့်သူများ အဆင်သင့်ရှိနေခြင်း။**<br>**• ရပ်မိရပ်ဖ၊ရွာသူရွာသားများက လည်း လိုလားခြင်း** | **• သင်တန်းပို့ချမှု ရှိသည့်အဖွဲ့ အစည်းများတွင် တက်ရောက်မည်ဆိုလျှင် သွားလာရာတွင် အခက်အခဲရှိနေပါသည်။ပို့ချမည့်နေရာမရှိ** | • သင်တန်းပို့ချမှု ရှိပါကကျေးရွာတွင် အလုပ်လက်မဲ့များနည်းလာရမည်။<br>• ကျွမ်းကျင်ပညာရှင်များ များပြားလာမည်။<br>• အလုပ်ကြမ်းလုပ်ရသူများလည်း သက်သာလာမည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | | လုပ်ကိုင်ကြရသည်။ | | **ခြင်း။ကျေးရွာသားများ အချိန်အားလပ်မှုနည်းခြင်းနှင့်စိတ်ဝင်စားမှုနည်းခြင်း၊ ပညာရေး အားနည်းခြင်း** | |
| ၁၄ | • ပညာရေး အားနည်းမှုကြောင့် နေ့စားအလုပ်သမားများလာခြင်း | • ကျေးရွာရှိ အိမ်ထောင်စုမှာ ဆင်းရဲအိမ်ထောင်စုများ၍ ပညာရေးအားနည်းမှုဖြစ်စေခြင်း။<br>• ပညာရေးအားနည်းမှုကြောင့် ကြုံရာ၊ ကျပန်း နေ့စားလုပ်သူဦးရေ များလာခြင်း | **•အချိန်ကြာလာသည်နှင့်အမျှ ပညာနေဦးရေ တိုးပွားလာခြင်း၊ ကျေးရွာတွင် ပညာရေး ဦးစားပေးမှုရှိလာခြင်း** | **•စိတ်ဝင်စားမှု ရှိလာသော်လည်း ငွေကြေးမတတ်နိုင်မှုကြောင့်** | • ပညာရေးကဏ္ဍအားသန်လာခြင်းကြောင့်အလုပ်သမားများနည်းလာရမည်။<br>• သက်မွေးပညာသင်တန်းများပံ့ပိုးပေးမှုကြောင့်ဝင်ငွေတိုးမြှင့်ပေးမည်။ |
| ၁ | • စာသင်ကျောင်း | • စာသင်ကျောင်း ခြံ | **•အနေအထားရှိ** | **•ကာမည့်** | • ခြံဝင်းကာနိုင်ခြင်းအားဖြင့်ကလေး ငယ် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| ၅ | ပြင်ဆင်ရေး | ဝင်းသည် ဖြစ်သလို လုပ်ထားသည်ဖြစ်၍ အတည်တကျ ဆောင်ရွက်ရန်လို အပ်ပါသည်။ ကလေးများသည် ခြံပေါ်တက်၍ ဆော့ကြခြင်း ကြောင့်ထိခိုက်ဒဏ် ရာရရှိကြသည်။ | **ထားခြင်း၊ရပ်မိ ရပ်ဖများကလည်း ဂရုစိုက်ပေးခြင်း၊ သက်ဆိုင်ရာဌာန ကို အကြောင်း ကြားထားခြင်း** | **ပစ်စည်း မလုံ လောက်ခြင်း၊ လက်ရှိတွင် ရွာ သားများ မအား လပ်နိုင်။**<br>• **စာသင်ကြားချိန် ကာလဖြစ်၍ ကလေးများ အတွက်အနှောင့်အယှက်ဖြစ်စေ နိုင်သည်။မြေ နေရာ တိုင်းတာ ထားခြင်းမရှိ။**<br>• **ဆောင်ရွက်မည့် ကြီးကြပ်အဖွဲ့ များမရှိ။**<br>• **လိုအပ်သော ပစ္စည်းအနည်း** | များလုံခြုံမှုရှိခြင်း။မိဘများအနေဖြင့် ကလေးများအား စိတ်ချနိုင်မည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား | အဆိုပြုလုပ်ငန်း |
|---|---|---|---|---|---|
| | | | | ငယ်မှ မရှိ။<br>•ရှာသူ/သားများ လုပ်အားပေး ခြင်း၊အားနည်းမှု ရှိနိုင်ပါသည်။ | |

**ကိုးကားစာရင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဥ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကသဲကုန်းကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊